
SHING GROUP



လုံးချင်းဝတ္ထုသစ်

လင်းစီစဉ်သည်

# လွန်းတာမို

ကလေးချစ်

ဝန်းဒီသိန်းရွှေကြည်

2011

## အခန်း(၁)

"ညည်း ... အခုလာခဲ့ ... တန်ခူးညို"

"အမလေး"

မေမေ့ကို ခြံတံခါးဝမှာ ထားဝယ်ကြိမ်တစ်ချောင်းနှင့် စောင့်နေတာ တွေ့လိုက်ရကတည်းက အခြေအနေကို ညို သဘောပေါက်ပြီ။

"ညည်း ... ညည်း စာမေးပွဲကျတယ်ဆို ..."

"ဟင် ... တွေ့လား ..."

ညိုကဖြင့် အိမ်ကိုတောင် ပြန်မရောက်သေးဘူး။ ညိုစာမေးပွဲကျတဲ့ သတင်းက မေမေ့ဆီကို ဘယ်လို ရောက်သွားတာလဲ။

"အဟင့် ..."

ညို မျက်နှာလေးကိုမဲ့ပြီး မျက်ရည်ကျအောင် ကြိုးစားလိုက်ပေမယ့် အရေးထဲကျမှ ဒီမျက်ရည်က တော်တော်နဲ့ မကျ။

"အောင်မယ် ... အောင်မယ် ... ငါကဖြင့် ညည်းကို ရိုက်တောင် မရိုက်ရသေးဘူး၊ ညည်းက မျက်ရည်ခံလေးထိုးပြီး ငါ့ကို ပတ်ချွဲနပ်ချွဲ လုပ်ချင်သေးတယ်ပေါ့လေ၊ လာပါ ... လာပါ ... မတိမ်းမစောင်း ဖိန်း ဖောင်းလေးတီးပြီး ခြံထဲကို ညည်းမြန်မြန်လေး ဝင်လိုက်စမ်းပါ"

ဒေါ်ခိုင်မြင့်မေတစ်ယောက် ထားဝယ်ကြိမ်လုံး ကောက်မကိုင်ခင်က

တည်းက ထဘီကို တိုတင်းနေအောင် အဆင်သင့် ဝတ်ထားပြီးသား။

သမီးသုံးယောက် မွေးထားသည့်အထဲမှာ မှ အမေ့အရှက်ကို အခွဲဆုံးက တန်ခူးညံ့ဆိုသည့် အငယ်ဆုံးမ။ ဝတ်ထားတာလည်း ကြည့်ဦး။ ဂျင်းဘောင်းဘီ အတိုအထပ် ကပ်ကပ်ကလေးနဲ့ ။

သူတို့ ပြောတော့ ... ဒါ အလန်းစတိုင်တဲ့ ။

ဘာအလန်းစတိုင်လဲ။

ဒင်းကို အကြီးမ ဝါဆိုညံ့လည်း မနိုင်။

အလတ်မ တပေါင်းညံ့လည်း နှိပ်ကွပ်လို့ မရ။

"အဟင့် ... အမေက လက်ထဲမှာ ထားဝယ်ကြိမ် ကိုင်ထားတဲ့ဟာကိုး ... ညံ့က ဘယ်လိုလုပ် ခြံထဲကို ဝင်ရမှာ လဲအမေရဲ့ "

"ဟဲ့ ... အဲဒါ ညည်းကိုရိုက်မလို့ ငါကိုင်ထားတာလေ"

"အမေနော် ... ညံ့ကိုရိုက်မယ်ဆိုရင် ခြံထဲကိုမဝင်ဘူးနော်"

"ဟင် ... ညည်း မဝင်လို့ ရမလား၊ ညည်း ဆယ်တန်းလေးကိုတောင် နှစ်ချင်းပေါက် အောင်အောင်မဖြေခဲ့တဲ့ မိန်းမတစ်ယောက်ကို ထားဝယ်ကြိမ်နဲ့ မစောင့်ဘဲ KARAOKE ပန်းကုံးကြီးနဲ့ ငါက စောင့်နေရမှာ လား"

"အဟင့် ... အမေရိုက်မှာ ညံ့သိနေလို့ ပါ အမေရဲ့ "

"ဟဲ့ ရိုက်မှာ သိရင် ညည်းအစကတည်းက အောင်အောင် ဖြေလေ၊ အခု ပါမောက္ခကြီး ဖြစ်ဖို့ နေနေသာသာ ဆယ်တန်းကို ခွေးကျ ကျပြီး ညည်းပြန်လာတာမို့လား"

ညံ့ အမေ့ရှေ့ရောက်အောင် မတိုးရဲပါ။

ဖင်ကုတ်လိုက် ခေါင်းကုတ်လိုက်နဲ့ အနားမှာ ညှံ့ကို ကယ်မယ့်သူလည်း တစ်ယောက်မှ မရှိ၊ ရှေ့တစ်လှမ်း တိုးလိုက်တာနဲ့ အမေက ညှံ့ကို ရိုက်တော့မည်။

အမေ့နောက်က အစ်မနှစ်ယောက်ကို လှမ်းကြည့်လိုက်တော့လည်း အစ်မကြီးဝါဆိုညံ့က မျက်မှောင်လေးကုတ်ပြီး ညှံ့ကို မကျေမနပ် စိုက်ကြည့်နေသလို၊ အစ်မလတ် တပေါင်းညံ့က မျက်နှာကို မဲ့ထားသည်။

အမေ မရိုက်အောင် ညံ့ ဘယ်သူ့ကို အားကိုးရတော့မှာ လဲ။

"ဟဲ့ ... ညံ့ ... နင် အမေ့ရှေ့မှာ လက်ပိုက်ပြီးတော့ ရပ်စမ်း"

ညံ့ ငိုတော့မယ့် မျက်နှာလေးနဲ့ ခေါင်းကုတ်လိုက်ရပြန်ပြီ။

"ဟာ ... မမကလည်း အမေက ညှံ့ကို ရိုက်မလို့ ကြိမ်လုံးကြီးနဲ့ စောင့်နေတဲ့ ဟာကို၊ ညံ့ ဘယ်လိုလုပ်ရမလဲ၊ အမေမရိုက်ဘူးဆိုမှ အထဲကိုဝင်မယ်၊ ရိုက်ရင်တော့ ညံ့ထွက်ပြေးမှာ ပဲ ... အဟင့်"

"တွေ့လား တပေါင်းညံ့၊ ဒင်းက ပါးစပ်လေးနဲ့ ခေါ်နေလို့ ရတဲ့ အစား မဟုတ်ဘူး ၊ တို့ နှစ်ယောက် ဝိုင်းဖမ်းပြီး ချုပ်ပေးမှ အမေရိုက်လို့ ရမှာ "

"လာ ... မမ ဝါဆိုညံ့ ပြောနေတာကြာတယ်၊ ကဲ ..."

"ဟာ .... သူများကို လာပြီး မတရား မလုပ်ကြနဲ့ နော်"

အစ်မလတ် တပေါင်းညံ့က ညှံ့လက်ကိုဝင်ဆွဲသည် ။

အစ်မကြီးဝါဆိုညံ့က ညှံ့ပခုံးကို အတင်းဖက်ထားပြီး အမေ့ရှေ့ရောက်အောင် အတင်းဆွဲခေါ်၏။

"အဟင့် ... မရိုက်နဲ့ နော် အမေ၊ ညှံ့ကို မရိုက်ပါနဲ့ "

"ခေါ်ခဲ့ ... ခေါ်ခဲ့၊ ဒင်းကို ခြံထဲရောက်အောင် အတင်းဆွဲခေါ်ခဲ့၊ ဟင်း ... ရမလား၊ ညည်း ဒီလို ပတ်ချွဲနပ်ချွဲလုပ်တိုင်း ငါက ခွင့်လွှတ်မယ်ထင်နေလား"

ညှံ့ရဲ့ တင်ပါး လုံးကျစ်ကျစ် တင်းတင်းကလေးကို ဆတ်ခနဲ ဆတ်ခနဲ ကော့ထွက်သွားအောင် ရိုက်ဖို့ ဒေါ်ခိုင်မြင့်မေကလည်း ကြိမ်လုံးကို အဆင်သင့်ရွယ်ပြီးသား။

"အဟင့် .... သမီး နောက်နှစ်ကျရင် အောင်အောင်ဖြေမယ်လို့ အမေ့ကို ကတိပေးထားတယ်လေ အမေရဲ့ ... ဒီနှစ်က သမီးကျက်ထားတာတွေ မမေးဘဲ မကျက်ထားတာတွေကို အကျင့်ယုတ်ပြီး မေးသွားလို့ သမီးကျတာ ... "

"ကြည့်စမ်း"

ဒေါ်ခိုင်မြင့်မေ မျက်လုံးပြူးရပြန်ပြီ။

မေးခွန်းထုတ်တဲ့ သူတွေကပဲ ဒင်းကို အကျင့်ယုတ်ပြီး မေးသွားလို့တဲ့ ... ဘုရား ... ဘုရား။

"ရိုက် ... အမေရိုက် ... အမေ မရိုက်မချင်း ဆင်ခြေဆင်လက်တွေ အမျိုးမျိုး သူက ပေးနေဦးမှာ ၊ Chemistry ဖြေတဲ့ နေ့က ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်ဖော်ပုံအဆင့်ဆင့်ကို ခေါက်းခေါက်ပြီး ထုလိုက်ရိုက်လိုက်နဲ့ သမီးသင်ပေးလိုက်တာ"

"ဟာ ... မလတ် သင်ပေးတာ၊ သူများ ပြုတ်ထားတဲ့ ယံယံခေါက်ဆွဲထုပ်ကို ဘေးကနေ အချာင်ဝင်သမချင်လို့ ကို သင်ပေးတာ.... ခေါက်ဆွဲထုပ်လည်း ကုန်ရော သူများ နားမှာ မလတ် အိပ်ပျော်သွားတာလေ"

"ညံ့နော် .... မင်း မလတ်ကို မတရားမပြောနဲ့ နော်"

ညံ့ ခံပက်ပြီးပြောတော့၊ အလတ်မ တပေါင်းညံ့ မျက်နှာလေး ရဲဗ လောင်းခတ်သွားသည် ။ ညံ့ကတော့ ပြန်လည်း အော်၊ ရုန်းလည်း ရုန်းနဲ့ ။

ထိုအချိန်မှာ အမေကိုင်ထားတဲ့ ထားဝယ်ကြိမ်ကလည်း ညံ့တင်ပါး လုံးကျစ်ကျစ်လေးပေါ် ရွှမ်းခနဲ ရွှမ်းခနဲနေအောင် လေးငါးချက် ဆက်တို က်ကျခဲ့ပြီ။

"ရွှမ်း ....ရွှမ်း ..."

"အဲဒါ ... စာမေးပွဲကျဦး"

"အဲဒါ ... အစ်မတွေကို ခံပက်ဦး ..."

"အား ... အား ... နာတယ်အမေရဲ့ "

အမေ တစ်ချက်ရိုက်လိုက်တိုင်း ညံ့တင်ပါးလုံးကျစ်ကျစ် တင်းတင်း လေး ကော့ကော့ထွက်သွားတာကို ကြည့်ပြီး အစ်မနှစ်ယောက်က အ ကျေနပ်ကြီး ကျေနပ်နေသည် ။ ညံ့ဟာ ကိုယ်လုံးလေး ဖူးတင်းနေအော င် လှသလို အသားလေးက ဝါရွှေရောင်လေးပြေးကာ ဝင်းညက်အိစက် နေသူမို့ အမေ့ကြိမ်လုံးစာ မိသွားချိန်မှာ တော့ ပေါင်တံဝင်းဝင်းစက်စက် လေး နှစ်ဖက်မှာ အရှိုးရာ ရဲရဲလေးတွေက ထင်းခနဲနေအောင် ပေါ်သွား ခဲ့ပါချေပြီ။ ထိုအချိန်မှာ  အစ်မနှစ်ယောက် လက်ထဲကနေ ညံ့ ဆတ်ခနဲ ရုန်းထွက်လိုက်တော့

"ဟင် ... ညံ့ ပြေးပြီ"

"လိုက် ... လိုက် မမ ... မလွတ်စေနဲ့ "

ထွက်ပြေးတဲ့ ညှံ့ကို သူခိုးဖမ်းသလို ဝိုင်းဖမ်းကြတာ တစ်ခြံလုံး ကျွ
က်ကျွက်ညံသွားသည် ။ ဒါလည်း သွက်လွန်းတဲ့ ညှံ့ကို ဝိုင်းဖမ်းတာ ဘ
ယ်သူမှ ဖမ်းလို့ မနိုင်။ ခဏလေးနဲ့ ဘယ်ရောက်သွားမှန်း မသိအောင် ညံ့
က ပျောက်သွားသည် ။

အသားလေးက ဝင်းဝင်း။

ကိုယ်လုံးလေးက တင်းတင်း။

ကော့နက်နေအောင် ယှက်ဖြာနေတဲ့ မျက်တောင် စင်းစင်းကော့
ကော့ကြီးတွေ ပိုင်ထားတဲ့ ကလေးလည်း မက လူကြီးလည်း မကျတဲ့ တ
န်းခူးညံ့ ဆိုတဲ့ ကောင်မလေးဟာ ဒေါ်ခိုင်မြင့်မေ မွေးထားတဲ့ သမီးသုံး
ယောက်ထဲမှာ နေတာထိုင်တာလည်း ခေတ်အမီဆုံး ၊ ဝတ်တာစားတာ
လည်း အလန်းဆုံး။

အမေလည်း မနိုင်။

အစ်မနှစ်ယောက်ကလည်း မနိုင်တာမို့။

တစ်ခြံလုံး ပွက်ပွက်ညံပြီဟေ့ ဆိုတာနဲ့ တန်ခူးညံ့ ဆိုတဲ့ ကောင်မ
လေးကို ရောသမွှေနေပြီ ဆိုတာ ခြံနီးနားချင်းအိမ်တွေက အသိဆုံးပေါ့။

"ရှာနော် ၊ တပေါင်းညံ့ ... "

"စောစောကပဲ ဒီအိမ်အောက်ထဲ ပြေးဝင်သွားတာ တွေ့လိုက်လို့ ...
ရှာနေတာလေ အမေရဲ့ "

"ဟဲ့ ... အိမ်အောက်မှာ ချထားတဲ့ သံသေတ္တာပုံးဟောင်းကြီးထဲမှာ ဝ
င်ပုန်းနေသလား မသိဘူး ... အဲဒီမှာ ရှာကြည့်စမ်း"

"ဟာ ... အမေပြောတဲ့ သံသေတ္တာပုံးဟောင်းကြီးက ညံ့ငယ်ငယ်တု

န်းကပဲ ဝင်ပုန်းလို့ ရတာ၊ အခု … ညှံ့ကိုယ်လုံးနဲ့ ဒီသံသေတ္တာကြီးက မဆံ့တော့ဘူး …."

ညံလုပ်ပုံက တက္ကသိုလ်ကျောင်းသူ အစ်မဖြစ်သူလည်း ကျောင်းမသွားနိုင်။ ပေရှစ်ဆယ် ခြောက်ဆယ် မြေကွက်ထဲမှာ ဆောက်ထားတဲ့ သစ်သားပျဉ်ထောင်အိမ်ကလေး ရှေ့မှာ တော့ ဒေါ်ခိုင်မြင့်မေတစ်ယောက် ပျောက်ခြင်းမလှပျောက်သွားတဲ့ ညံတစ်ယောက်ကို ရှာရင်း တက်တခေါက်ခေါက်နှင့်။

ဒင်း ဘယ်ရောက်သွားပြီလဲ။

အမေကိုလည်း ဂရုမစိုက် ၊ အစ်မနှစ်ယောက်ကိုလည်း မလေးစား။ ဒင်းတော့လား …

*****

# အခန်း(၂)

"ဟား ... ဟား"

အပီပဲ ... အပီပဲ ... ညံ့တို့ က လုံးဝအေးဆေး

"ဟား ... ဟား"

ညံ့ရောက်သွားတာ လူတွေမနေသေးတဲ့ ဘေးချင်းကပ်ခြံထဲက နှစ်ထပ်တိုက်ပုလေးထဲ ကိုပါပဲ။ လူမနေသေးပေမယ့် တိုက်ထဲမှာ ထည့်ထားတဲ့ ပစ္စည်းတွေက အများကြီး။

အကောင်းစား ရေမြှုပ်ဆိုဖာ ဆက်တီကြီးတွေ။

တီဗွီအပေါ်စက်၊ အောက်စက်ကြီးတွေ။ အပေါ်ထပ် အိပ်ခန်းထဲမှာဆိုလည်း တစ်တောင်လောက်ထူတဲ့ မွေ့ရာကြီးက ပစ်လှဲပြီးတော့ အိပ်ချလိုက်တာနဲ့ ညံ့တစ်ကိုယ်လုံး မြုပ်သွားအောင်ကိုပဲ အိစက်နေလိုက်တာ။

ဒါကိုပဲ လူတွေအလစ်မှာ ဒီဘက်ခြံထဲကို ညံ့ ခိုးခိုးဝင် လာပြီး အောက်ထပ်က ပြတင်းပေါက် တံခါးချက်လေးကို တုတ်ချောင်းလေးနဲ့ ကလော်ပြီး ချောက်ခနဲဖွင့် အထဲကိုဝင် ညံ့တစ်ရပ်စာမက မြင့်တဲ့ Freezer ထဲက အချိုရည်ဘူးတွေ ဖွင့်သောက်နဲ့ ၊ အပေါ်ထပ်က မွေ့ရာကြီးပေါ်ကိုဆိုရင် ညံ့ဒိုင်ဗင်ထိုးပြီး ဝင်ဝင်အိပ်ပစ်တာ ဘယ်နှကြိမ် ရှိနေပြီလဲ။

ပိုပြီးတော့ Smart ကျတာက တယ်လီဖုန်းလေးက အပေါ်ထပ်မှာ တစ်လုံး၊ အောက်ထပ်မှာ တစ်လုံး။

သူငယ်ချင်းတွေဆီကို Phone ဆက်ချင်ရင် ငွပ်ခနဲ ကောက်ဆက်လိုက်ရုံပဲ။ Phone ဖိုးကုန်မှာ လည်း မပူရ။ ကြိုက်သလောက် ပြောပြီးတာနဲ့ ကျသလောက် ရှင်းပေးစရာလည်း မလို။ ပြေးလွှားရင်း Freezer ထဲက 7up ကြိုက်လား၊ Cola ကြိုက်လား၊ Sun Kit ကြိုက်လား၊ ဒါမှ မဟုတ် လိမ္မော်သီးစားမလား၊ ပန်းသီးလား၊ စပျစ်သီးလား၊ ကြိုက်တာကိုစား၊ ကြိုက်တာကို သောက်။ အားလုံး Free ပဲ။

"ဟား ... ဟား"

အခုတော့ ညံ့ကိုရှာကြလေ။

အပေါ်ထပ် ပြတင်းပေါက် လိုက်ကာကြားကနေ ဟိုဘက်ခြံကို ခိုးကြည့်ရင်း၊ ညံ့ ... တဟားဟားနဲ့ ကျိတ်ကျိတ်ပြီး ရယ်လို့ မဆုံး။

ညံ့ ရှစ်တန်းနှစ် အရောက်မှာ ဒီနှစ်ထပ်တိုက်ပုလေးကို အလုပ်သမားတွေ အများကြီး လာဆောက်သွားတာ၊ ဒီနေ့အထိ ပိုင်ရှင်တွေကိုလည်း ညံ့ မမြင်ဘူးသေးပါ။ ဒါပေမဲ့ အသားညိုညိုနဲ့ ဦးလေးကြီး တစ်ယောက်ကတော့ တစ်ပတ်တစ်ခါလောက် ဒီခြံထဲကို လာတတ်တာ ညံ့ကသိထား၏။

ဒီတိုက်ပုလေးနဲ့ ပတ်သက်ပြီး ညံ့သိထားတာ ဒီလောက်ပဲ။

ဒီတိုက်ပုလေးထဲမှာ ညံ့အသည်းတွေယားပြီး ခဏခဏ မော့မော့ကြည့်မိတဲ့ ဓာတ်ပုံကြီး တစ်ပုံတော့ ဧည့်ခန်းထဲမှာ တခမ်းတနား ချိတ်ထားလို့ ။

အရမ်းမိုက်ပြီး အရမ်းလန်းတဲ့ လူတစ်ယောက်။

သူ့မျက်လုံးတွေကပဲ ညံ့ကို ညို့နေသလိုလို။

သူ့နှုတ်ခမ်းတွေကပဲ ညံ့ကို ပြုံးပြနေသလိုလို။

ဒါကိုပဲ ညံ့က အမြင်ကတ်ကတ်နဲ့ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ ဆော့ပန်နဲ့ ကောက်တပ်ပြီး ထိုင်ထိုင်ဟားနေတာ။

ဒီနေ့တော့ စာမေးပွဲကျတာနဲ့ ပဲ အပေါ်ထပ်က မွေးကြိုင်သန့်ပြန့်နေတဲ့ မွေ့ရာကြီးပေါ်မှာ ညံ့မောမောနဲ့ အိပ်ပျော်သွားသည် ။

ထိုအချိန်မှာ ပဲ တိုက်တိုက်ဆိုင်ဆိုင် နှစ်ထပ်တိုက်ပုလေးဆီကို တစ်နေ့တာ အချိန်ကလေးမှာ အနားယူဖို့ ရောက်လာတာ တိုက်ပုလေးရဲ့ ပိုင်ရှင် ... လူပျို သူဌေးလေး မင်းရင်ခွင်ပါပဲ။

"ဦးကြံမဆိုင်"

"ဗျာ ... ဘောစိ ... ဘာပြောမလို့ လဲ ... ပြောလေ"

"ခင်ဗျား ... ဒီကိုတစ်ပတ်တစ်ခေါက် ရောက်တယ်နော်"

"ဟာ ... ရောက်ပါတယ် ဘောစိရဲ့ ... အခု ဘာဖြစ်နေလို့ လဲ ..."

"ဒီအိမ်မှာ ကြောင်ရှိလား ..."

"No ဘောစိ No, No ဒီအိမ်မှာ လုံးဝ ကြောင်မရှိဘူး "

"ဟိုမှာ လေ ... ကြောင်စားထားတဲ့ လိမ္မော်သီးခွံတွေ၊ ဆက်တီခုံပေါ်မှာ ပွနေတာ"

"ဗျာ ..."

ဦးကြံမဆိုင် မျက်လုံးပြူးသွားသည် ။

တကယ်လည်း ဆက်တီခုံပေါ်မှာ လိမ္မော်သီးခွံတွေ မြင်လို့ မကောင်း

။ ဘောစိလိုက်လာတဲ့ နေ့ကျမှ ဘယ်ကလေကဝကြောင်က ဒုက္ခပေးသွားမှန်းမသိ။

"ဟာ ... ဘောစိရေ ... ဟုတ်တယ်၊ ဟုတ်တယ် ... ဟိုတစ်ပတ် ကျွန်တော်လာတုန်းကလည်း ဒီကြောင်ပဲ ဖြစ်မှာ ပဲ၊ ဧည့်ခန်းမှာ ရှုပ်ပွနေအောင် စားထားတာ၊ လိမ္မော်သီးခွံတွေရော၊ နေကြာစေ့ခွံတွေရော၊ ဆီးထုပ်တွေရော၊ ဟား ... ဟား၊ အဲဒီကြောင်က Sun Kit ဘူးတွေပါ ဖောက်သောက်သွားတာ ဘောစိရဲ့ ၊ နေ ... နေ No Problem , No Problem ကျွန်တော်မျိုးကြီး ရှင်းလိုက်မယ်၊ ဟဲ .... ဟဲ "

ဦးကြံမဆိုင်က တံမြက်စည်းကိုကိုင်ပြီး ရှင်းဖို့ ပြင်လိုက်ပေမယ့် ဒါကို မင်းရင်ခွင်က မသကာ်။

"နေပါဦး ဦးကြံမဆိုင်ရဲ့ ..."

"ဗျာ ... ဘောစိ"

"ခင်ဗျားကြောင်က နေကြာစေ့ကို အခွံခွာစားတတ်လို့ လား"

"အမ် ..."

"ဆီးထုပ်လည်း စားတယ်ဆို"

"ဟင် ... ဘောစိ၊ ကြောင်က ဆီးထုပ် မစားဘူးလား"

"ဘယ်လိုလုပ် ကြောင်က နေကြာစေ့ရော၊ ဆီးထုပ်ရော စားမှာ လဲဗျ ၊ သူခိုးတစ်ယောက် ဒီအိမ်ထဲကိုဝင် လာပြီး အမှိုက်တွေဖွချင်တိုင်းဖွသွားတာပဲ ဖြစ်ရမယ် ... ဟိုမှာ ခင်ဗျားမမြင်ဘူးလား၊ ကျွန်တော့်ဓာတ်ပုံကြီးမှာ တောင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ တပ်သွားတာ ..."

"သေပြီဆရာ"

ဦးကြံမဆိုင် ကိုယ့်နဖူးကိုယ်ရိုက်ပြီး ဦးနှောက်စားသွား၏။

ညံ့ကလည်း အောက်ထပ်က ဆူဆူညံညံအသံတွေ မမျှော်လင့်ဘဲ ကြားလိုက်ရတော့ အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးလာသည် ။

ညံ့ထွက်ပြေးဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့။

အသံတွေက အောက်ထပ်လှေကားရင်းက လာနေတာ။

ညံ့ ဆင်းပြေးရမှာ လည်း အဲဒီလှေကားကပဲ ဆင်းပြေးရမှာ ။

"တစ်အိမ်လုံးကို ခင်ဗျား သေသေချာချာ လိုက်စစ်စမ်းပါ ဦးကြံမဆိုင် ... အခုတောင် ဒီသူခိုးက အိမ်ထဲကို ရောက်ချင်ရောက်နေမှာ ၊ ကျွန်တော် အပေါ်ထပ်တက်ပြီး ရေချိုး အဝတ်အစား လဲလိုက်ဦးမယ်၊ အဟွန်း ... စားတယ် ... စားတယ် တကယ်စားတယ်ဗျာ"

"အမလေး..."

သွားပါပြီ။

လူကြီးတစ်ယောက် အပေါ်ထပ်ကို တက် လာပြီ။

ညံ့ ခုတင်ပေါ်ကနေ ဘုတ်ခနဲ ခုန်ဆင်းလိုက်ပြီး ခုတင်အောက်ထဲကို အသည်းအသန်နဲ့ ပြေးဝင်လိုက်ရ၏။ ဒါတောင် ခုတင်စောင်းက ညံ့ချိုစောင်းနဲ့ မလွတ်။

"ဒုန်း ..."

"အား ..."

ချိုစောင်းကိုပွတ်ရင်း ခုတင်အောက်မှာ ညံ့ အီစလံဝေနေသည် ။

အဟင့် ... ဒီမှာ စိတ်ညစ်လို့ လာပုန်းနေပါတယ်ဆိုမှ အိမ်ရှင်တွေ ရောက်လာရတယ်လို့ ၊ ဘုရား ... ဘုရား ညံ့ကို ကယ်ပါ၊ ညံ့ကို မိသွား

လို့ မဖြစ်လို့ ပါ။

"ဒါ ... ဒါ ... ဒါ"

"ဒီ ... ဒီ ... ဒီ"

အမလေးနော်။ ဒီမှာ ရင်တုန်နေပါတယ်ဆိုမှ သူက သီချင်း တအေးအေးနဲ့ ဘယ်သူလဲဟင် ... ဒီတိုက်သစ်လေးရဲ့ အိမ်ရှင်ကြီးလား။

ခြေသံနှင့် သီချင်းသံ တစ်ပြိုင်တည်း ကြားလိုက်ရပေမယ့် ညံ့ လှည့်မကြည့်ရဲပါ။ သူကလည်း ခုတင်အောက်မှာ ညံ့ရှိနေတာကို သိပုံမရပါ။

"ဒါ ဒီဒီဒိုး ..."

"ဒို ... ဒို ... ဒီ ... ဒီ"

ညံ့ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့တာမို့ နဖူးရှေ့က ဆံပင်လေးတွေကို လက်ကလေးနဲ့ ဖယ်တင်ကြည့်လိုက်တော့

"ဟယ် ..."

သူဝတ်ထားတဲ့ ဘောင်းဘီရှည်က ကြမ်းပြင်ပေါ်မှာ အပုံ လိုက်လေးကျွတ်ကျနေပြီ။ ညံ့ မကြည့်ရဲတော့တာနဲ့ ခေါင်းကလေးကို ငုံ့ချလိုက်ရပေမယ့် ညံ့မြင်လိုက်ရတဲ့ မြင်ကွင်းက မျက်ဝန်း လေးထဲကနေ ပျောက်ကွယ်မသွား။

ညံ့ ရင်တွေလည်း တုန်နေသည် ။

တစ်ကိုယ်လုံးလည်း အေးစက်နေသည် ။

ဒီ ... ဒီလူကြီးက ညံ့ကြည့်ဖူးတဲ့ အင်္ဂလိပ်ကားထဲက ဂျိမ်းစ်ဘွန်းမင်းသားကြီးလား။ သူကတော့ အခန်းထဲမှာ ဘယ်သူမှ မရှိဘူးဆိုပြီး လုပ်ချင်တိုင်း လုပ်နေတာ နေမှာ ပေ့ါ။ ညံ့မှာ တော့ ခုတင်အောက်မှာ ဖင်ဘူး

တောင်းလေးထောင်ကာ အသက်ရှူရပ်သွားမတတ် ခံစားနေရ၏။

"ဒါ ... ဒါ ... ဒါ"

ဟော ... သူ ရေချိုးခန်းထဲ ဝင်သွားပြီ။

ပြန်ထွက်လာလို့ ဒီအတိုင်း ပြန်ထွက်လာရင် သေပြီဆရာပဲ။

ညံ့ ကုန်းကုန်းကွကွလေးနဲ့ ခုတင်အောက်က ပြန်ထွက်သည် ။

ခြေကလေး ဖော့နင်းကာ လှေကားထိပ်ကနေ အောက်ထပ်ကို ချော င်းသည် ။

"ဟိတ် ... မပြေးနဲ့ မိပြီ"

"ဟယ် ..."

သေပါပြီ။ ညံ့ကို စောင်ထူထူကြီးတစ်ထည်နှင့် တစ်ကိုယ်လုံးကို အုပ်ချကာ လူတစ်ယောက်က ဖမ်းလိုက်ပြီ။

"ဘောစိရေ .... ဟောဒီမှာ ဘောစိပြောတဲ့ သူခိုးကို မိနေပြီ ဘောစိရဲ့ "

"ဟင် ... ဘယ်မှာ လဲ ဦးကြဲမဆိုင် ကျွန်တော် အခု လာပြီ"

ညံ့ကလည်း အုပ်ထားတဲ့ စောင်ကြီးကို အတင်းတွန်းဖယ်ကာ ပြန်အော်သည် ။

"ဟာ ... ညံ့ သူခိုး မဟုတ်ဘူး နော်၊ စာမေးပွဲကျတာ အမေလိုက်ရိုက်လို့ ဒီမှာ လာပုန်းနေတာ"

စောင်ရော၊ ညံ့ရော ညံ့ကိုဖမ်းလိုက်သည့် ဟိုလူပါ လှေကားထိပ် တံခါးဝမှာ လုံးထွေးနေကြတာ။ ညံ့ ရှက်လိုက်တာ မပြောပါနဲ့ တော့။ ရှုပ်ပွသွားတဲ့ ဆံပင်တွေကို သပ်တင်ရင်း အုပ်ဖမ်းထားတဲ့ စောင်ထဲကနေ ညံ့

ရအောင် အတင်းရုန်းသည် ။

"ဟာ ..."

ကောင်မလေးကို မြင်မြင်ချင်း မင်းရင်ခွင် အသက်ရှူမှားသွားသည် ။ ချစ်စရာလေး။ ပုံစံလေးက တော်တော့်ကို ချစ်ဖို့ ကောင်းတဲ့ ကောင်မလေး။ ကြည့်ပါဦး။ ကိုယ်လုံးလေးကအစ ဖူးဖူးတင်းတင်း အိအိစက်စက်ကလေး။

"အဲ ... ဒီကောင်မလေး ခုတင်အောက်မှာ ဝင်ပုန်းနေတာသိလို့ ၊ ကျွန်တော် လက်ပူးလက်ကြပ်မိအောင် ဖမ်းလိုက်တာ ... ဘောစိ"

"ဟွန်း..."

နှုတ်ခမ်းလေးတွန့်ကာ မင်းရင်ခွင်က ပြုံးသည် ။

"ကဲ ... ပြောစမ်း၊ ဒီတိုက်ထဲကို မင်းဘယ်လို ဝင်လာတာလဲ၊ ဒီလိုချစ်ဖို့ ကောင်းတဲ့ မျက်နှာလေးနဲ့ သူများ ပစ္စည်းတွေ လိုက်ခိုးနေတာလား"

"ဟမ်း ... ဒီမှာ ၊ မျက်နှာကို သေသေချာချာ ကြည့်ထား၊ ဒီရုပ်နဲ့ ဒီအသားအရေက သူများ ပစ္စည်း ခိုးမယ့် ရုပ်နဲ့ အသားအရေလား၊ ညံ့နေတာ ဟိုဘက်က ဘေးချင်းကပ်ခြံထဲမှာ နေတာ၊ ညံ့စာမေးပွဲကျတာ အမေလိုက်ရိုက်လို့ ဒီတိုက်ထဲမှာ လာဝင်ပုန်းနေတာ ရှင်းပြီလား ... ဟွန်း"

ညံ့ နှုတ်ခမ်းလေးမဲ့ကာ ခပ်စွာစွာလေး ပြန်ပြောသည် ။

"မင်း ... မင်း အမှန်အတိုင်းပြောနော်"

"ဟာ ... ညံ့ အမှန်အတိုင်း ပြောနေတာလေ၊ မစ္စတာဘွန်းရဲ့ "

"ဘာ"

မင်းရင်ခွင် မျက်ခုံးတွေတွန့်ကာ တစ်ကိုယ်လုံး ထူပူသွားသည် ။ မျ

က်နှာတစ်ခုလုံးလည်း ရဲရဲတွတ် နီသွားရ၏။ သေတော့မှာ ပဲ ဒီကောင်မ လေးနဲ့ တွေ့မှ အရှက်တွေကွဲရပြီ။ သူကတော့ ဆံပင်တိုလေးတွေ တခါ ခါနဲ့၊ မိမိရှေ့မှာ ... သူကပဲ ဘာအပြစ်မှ ကျူးလွန်မထားတဲ့ အတိုင်း။ အ ခုလည်း ရေချိုးခန်းထဲက မင်းရင်ခွင်ထွက်လာကာ မွေးပွတဘက်ထူကြီး ခါးမှာ ပတ်လို့ ပါ။ ရေစက်တွေကတော့ ကိုယ်ပေါ်မှာ ရော ၊ ဆံပင်တွေ ပေါ်မှာ ပါ မခြောက်သေးဘဲ ဒီအတိုင်းလေး စိုကပ်နေရဆဲ။

"သူ ... သူပြောတာ ဖြစ်နိုင်တယ်ဘောစိ၊ ကျွန်တော်တို့ ဘေးခြံက အိမ်မှာ ကောင်မလေး သုံးယောက်ရှိတာ ကျွန်တော်သိတယ်၊ ဘာလဲဟ င် ... မင်းက အဲဒီသုံးယောက်ထဲက တစ်ယောက်လား ..."

"ဟုတ် ... ဟုတ် ... သိပ်ဟုတ် ..."

"ညံ့ ဆိုတာကရော ... ဘာလဲ အဲဒါ ... မင်းနာမည်လား"

"မင်းရင်ခွင် မနေနိုင်ပါ"

သူကမေးတော့ ညံ့ကလည်း မျက်တောင်လေးပင့်ကြည့်ကာ ဖြေသ ည် ။

"ဟုတ်တယ်"

"ဘာလဲဟင် .... ညံ့ဆိုတာ ဆူညံတာကိုပြောတာလား "

"ဟုတ်တယ် ... ဟုတ်တယ်၊ အဖေက ဦးဆက်ဆက်ညံ၊ မမကြီးက ဝါဆိုညံ၊ မမလတ်က တပေါင်းညံ၊ အဲဒီအထဲကမှ အငယ်ဆုံး၊ အချော ဆုံး ကောင်မလေးတစ်ယောက်က တန်ခူးညံ၊ အားလုံးညံနေလို့ ပတ်ဝန်းကျင်မှာ ဘယ်သူမှ နားမခံနိုင်တော့ဘူး"

"သြော် ... သြော် ... ဒါဆိုရင် မင်းက အငယ်ဆုံး အချောဆုံး တန်ခူး ညံပေါ့၊ ကဲ ... ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ အခု ...ခင်ဗျားလေးက စာမေး

ပွဲကျလို့ အမေလိုက်ရိုက်တာနဲ့ ဒီဘက်ခြံကို ကူး လာပြီး လာပုန်းတာပေါ့ ..."

"Right ..."

မချိုမချဉ် မျက်နှာလေးနဲ့ မေးဖျားချွန်ချွန်လေးကို မော့ကာ ညံက တစ်လုံးတည်း ပြောဏ်။ မင်းရင်ခွင်ကလည်း နှုတ်ခမ်းရဲရဲလေးတွေကို ပြုံးကာ

"ကဲ ... ပြောပါဦး။ အမေက လိုက်ရိုက်တော့ ဘယ်ခွေးတိုးပေါက်ကနေ ဝင်ပြီး ... ဒီတိုက်ထဲအထိ ရောက်အောင်လာခဲ့တာလဲ"

"ဟာ ... ဒီရပ်လား ခွေးတိုးပေါက်ကဝင်မှာ ... ဟင်း သစ်ပင်ပေါ်ကို တက်ပြီး ဒီဘက်ခြံထဲကို ခုန်ချပြီးတော့ဝင်တာ၊ ပြီးတော့မှ တိုက်ဘေးတံခါးချက်ကို တုတ်ချောင်းကလေးနဲ့ ကလော်ပြီး အထဲကို ဝင်လိုက်ရုံပဲ ... နားလည်လား"

ကောင်မလေးကိုကြည့်ပြီး ရင်တွေခုန်နေရတာ မင်းရင်ခွင်ပါပဲ။

ဒီပုံစံလေးနဲ့ တိုက်တံခါးချက်ကို တုတ်နဲ့ ကလော်ပြီး သူခိုးကျင့်သူခိုးကြံ ဝင်သတဲ့ ။ ဘာပဲပြောပြော တန်ခူးညံဆိုတဲ့ ကောင်မလေးကိုတော့ မြင်လိုက်တာနဲ့ မင်းရင်ခွင် အသေအလဲ စွဲလမ်းသွားခဲ့ရပါပြီ။

အသားလေးက ဝင်းနှစ်ပြီး ကိုယ်လုံးလေးက ဖူးတင်းနေအောင် လှပေမယ့် အသက်က အများ ဆုံးရှိရင် ဆယ့်ခြောက်နှစ်ပေါ့။ မိမိက နှစ်ဆယ့်ခြောက် ဆိုတော့ ဆယ်နှစ်ကြီးများ တောင် ကွာနေတာက ခက်နေသည် ။ ဦးကြံမဆိုင် မျက်နှာကို ကြည့်လိုက်တော့လည်း သူက ... ပြုံးပဲပြုံးတော့မလိုလို၊ ငိုပဲ ငိုတော့မလိုလို။

"နေ .... နေပါဦး၊ ဦးတို့ က ညဲ့ကိုပဲ မေးနေတာ၊ ဦးတို့ ကရော ဘယ်သူတွေလဲ၊ ညဲ့လိုပဲ တိုက်ထဲကို လူမသိသူမသိ ခိုးဝင်လာတာဆိုရင် ရဲစခန်းကို အခုပဲ phone ဆက်လိုက်မှာ နော်"

"အောင် ... အောင်မယ်၊ မင်းလေးကတောင် ငါတို့ ကို လာခြိမ်းခြောက်နေသေးတယ်၊ မင်းပြောတဲ့ မစ္စတာဘွန်း"

"ဟာ ... ဦးကြံမဆိုင် ၊ ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ"

မင်းရင်ခွင် တစ်ကိုယ်လုံး ထူထူပူပူနဲ့ ပဲ ဦးကြံမဆိုင်ကို လှမ်းတားရသည် ။

"Sorry ဘောစိရယ် ... ဟဲဟဲ ... ပြောချင်တဲ့ စိတ်နဲ့ လောကြီးသွားလို့ ၊ ဒီမှာ ... ချာတိတ်မလေး၊ မင်းရှေ့မှာ တဘက်ကလေးပတ်ပြီး မျက်နှာရဲရဲလေးနဲ့ ရပ်နေတာ၊ မဟာရွှေနန်းတော် အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီရဲ့ ဘောစိပဲ"

"ဘောစိ ... ဟုတ်လား ... ခစ်ခစ် ..."

ပြောလေဆိုးလေ။ ညံ့ဆိုတဲ့ ကောင်မလေးက ခါးလေးကော့ကော့ပြီး တခစ်ခစ်နဲ့ ရယ်လေ မင်းရင်ခွင်ကတော့ မျက်နှာတွေ ပူပြီးရင်းပူရင်း ပေါ့။

"ဒါ... ဒါဆို ဒီတိုက်ပုလေးရဲ့ ပိုင်ရှင်ဆိုတော့ ၊ ဟို ... အောက်ထပ်ဧည့်ခန်းထဲမှာ ချိတ်ထားတဲ့ ဓာတ်ပုံကြီးထဲက ဦးက ... ဒီဦးလား"

"အဲဒါလည်း ဟုတ်ပါတယ်ခင်ဗျာ"

"ဖြောင်း ... "

"ဟား ... ဟား"

ဘာလဲဟ လက်ခုပ်လေးနှစ်ဖက်ကို ဖြောင်းခနဲ တီးပြီးတော့မှ ကို တဟားဟားနဲ့ ကောင်မလေး အော်ရယ်နေတာ။ ဒါကိုကြည့်ပြီး မျက်တောင်မခတ်နိုင်အောင် စိတ်တွေ လေသွားရတာလည်း မင်းရင်ခွင်ပါပဲ။

ဧကန္တတော့ မဟုတ်မှ လွဲရော ...

ညှော့ခန်းထဲက မင်းရင်ခွင် ဓာတ်ပုံကြီးမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ တပ်သွားတာ ဒီချာတိတ်မလေးပဲ ဖြစ်ရမယ်။

ကြည့်ပါဦး ...

ခုတော့ လက်ခုပ်လက်ဝါးတီးပြီး မိမိကိုကြည့်ကာ တဟားဟားနဲ့ အော်ရယ်နေတာ။

"ဟား ... ဟား ဒီဦးက မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေနဲ့ အရမ်းလိုက်တယ်နော်၊ အပီပဲ ... သွားကြည့်လိုက်၊ သွားကြည့်လိုက် ဟား ... ဟား"

"ဒါ .... ဒါ မင်းလက်ချက်ပေါ့"

"ကန်တော့နော် ဦး ... ကန်တော့ ... ကန်တော့ ၊ ဦးတို့ လာရင် အဲဒီဟာကြည့်အောင်လို့ ညံ့ဖွထားတာ"

"ဒါဆို ... လိမ္မော်သီးခွံတွေ၊ ပန်းသီးခွံတွေ၊ ပွကြဲနေအောင် ခိုးစားထားတာလည်း မင်းပေါ့"

"ဟဲ ... ဟဲ"

"ဆီးထုပ် ၊ နေကြာစေ့ခွံတွ ဖွထားတာလည်း မင်း"

"အာ ... ဘောစိ၊ နောက်ဖေးကြောင်အိမ်ထဲက ပုစွန်ခြောက်ပုလင်းထဲမှာ လည်း ပြောင်သလင်းခါနေပြီ"

"ဟာ ... အဲဒါလည်း ဟုတ်တယ်လေ၊ ဟဲ ... ဟဲ ... ညံ့က ပုစွန်ခြောက် အကောင်ကြီးကြီးတွေ့ရင် နှိုက်စားချင်တာ၊ စိတ်ကို ဘယ်လိုမှ ထိန်းလို့ မရဘူး"

"နောက် ... နောက် မင်းဘာတွေ ထပ်လုပ်ထားသေးလဲ တန်ခူးညံ့ ..."

"ဗိုက်ဆာရင် Sunkit တို့ ၊ Cola တို့ ၊ Blue Mountain တို့ ဖွင့်သောက်သေးတယ်လေ "

"ကုန်ပါပြီကွာ ..."

ဘယ်လိုချာတိတ်မလေး တန်ခူးညံ့လဲ။

တိုက်ပုလေးထဲကို တစ်ယောက်တည်း ခိုးခိုးဝင်ပြီး လုပ်ချင်တာတွေ လျှောက်လုပ်၊ စားချင်တာတွေ ဖွင့်စား နှိုက်စားနဲ့ ကြဲချင်တိုင်း ကြဲနေတာ၊ ဒီတိုက်ပုလေးကို မင်းရင်ခွင် ဆောက်ခဲ့တာလည်း မာမီမသိအောင် အေးအေးဆေးဆေး အနားယူလို့ ရမယ့် နေရာလေးမှာ ၊ တိတ်တိတ်လေး လာဆောက်ထားတာပါ။

သော့ကိုင်တာ ဦးကြံ့မဆိုင်ပေါ့ ....

ဒီတိုက်ပုလေးဆီကို တစ်လတစ်ခါ လာပြီး ဦးကြံ့မဆိုင်က လိုတဲ့ ပစ္စည်းလေးတွေကို အမြဲ ဝယ်ဝယ်ထည့်ပေးတာလေ၊ မင်းရင်ခွင်ရောက်လာရင် အဆင်သင့် လိုတာဖွင့်စား၊ လိုတာချက်စားလို့ ရအောင် ပြင်ဆင်ထားခဲ့တာပါ။

အခုတော့ အချိုရည်ဘူးတွေလည်း ပြောင်သလင်းခါ။

ပုစွန်ခြောက်ပုလင်းလည်း တက်တက်ပြောင်။

မင်းရင်ခွင် ဘာလုပ်ရမလဲ။

"သွားဗျာ ... ဦးကြံ့မဆိုင်၊ ဟိုဘက်ခြံကိုသွားပြီး သူ့အမေကို သွားခေါ်လိုက်၊ တန်ခူးညံ့ဆိုတဲ့ ကောင်မလေးကို ဒီဘက်ခြံမှာ ပုန်းနေတာ အခုမိထားပြီလို့ ..."

"ဟာ ... ဦးနော်၊ ညံ့ကို ချွန်တွန်းမလုပ်နဲ့ နော်"

ညံ့ အမေ့ကိုကြောက်ပြီး ဖြည်းဖြည်းချင်း နောက်ဆုတ်သွား၏။ ထွက်ပြေးဖို့ လည်း ညံ့ခြေလှမ်း ပြင်နေပြီ။

"ဟိတ် ... မပြေးနဲ့ နော်"

သူမလေးလက်ကို ဖျတ်ခနဲ လှမ်းဆွဲပြီး ထွက်ပြေးလို့ မရအောင် အတင်းချုပ်ထားလိုက်တော့ ကိုယ်လုံး အိအိတင်းတင်းကလေးက သူ့ရင်ခွင်ထဲကို ယိုင်ခနဲ ကျလာ၏။

"အို"

ချာတိတ်မလေးရဲ့ ပါးပြင်လေးနှစ်ဖက်၊ ရဲတက်သွားသလို သူ့ရင်ဘတ်တွေကိုလည်း လက်သီးဆုပ်ကလေးတွေ ကျလာသည် ။

"ဟာ ... သူများကို ဘာလို့ အတင်းဖက်ထားတာလဲ၊ လွှတ်နော် ... လွှတ် ... လွှတ် ၊ အခုချက်ချင်းလွှတ် ..."

သူမလေးက အတင်းရုန်းနေတော့ သူ့နှုတ်ခမ်းတွေနဲ့ သူမလေးရဲ့ ပါးကလေးနှစ်ဖက် ဘယ်ပြန်ညာပြန် ထိသလို ဖြစ်သွားရ၏။

"ဟိုဘက်ခြံက ဆရာမကြီးရေ ... ဒီဘက်ခြံထဲမှာ စာမေးပွဲကျပြီး လာခိုးအိပ်နေတဲ့ သူခိုးကောင်မလေး တစ်ယောက်ကို မိထားလို့ လာကြည့်ပါဦးခင်ဗျာ ...."

"ဟင် ... အမေရေ၊ ဟိုဘက်ခြံထဲက အော်နေတာ အမေကြားလား၊ အမေ့သမီး သူခိုးမလေးကို ဟိုဘက်ခြံထဲမှာ မိနေပြီတဲ့ "

"ဟဲ့ ... ဟိုဘက်ခြံမှာ လူတွေနေလို့ လား"

"စောစောကပဲ ကားတစ်စီးနဲ့ လူနှစ်ယောက် ခြံတံခါးဖွင့်ပြီး ဝင်သွားတာ၊ တပေါင်းတွေ့လိုက်တယ် အမေ၊ မဟုတ်မှ လွဲရော၊ အမေ့သမီး မျောက်လွှဲကျော်မက သစ်ကိုင်းကနေ ဟိုဘက်ခြံထဲကို ခုန်ဆင်းသွားတာပဲ ဖြစ်မယ် အမေရဲ့ ..."

"ပေးစမ်း ထားဝယ်ကြိမ်"

"ရိုက် ... အမေ ... ရိုက် ၊ ဒါ မှ အမေ့သမီး မှတ်မှာ "

အစ်မကြီး ဝါဆိုညံ့ကလည်း အသားတွေ တဆတ်ဆတ်တုန်နေအောင် ဒေါပွလို့ ...။

ဒါနဲ့ ပဲ ဒေါ်ခိုင်မြင့်မေ တစ်ယောက် အင်္ကျီလက်မောင်းကို ဆတ်ခနဲ ပင့်တင်ရင်း ထားဝယ်ကြိမ် တစ်ချောင်းနဲ့ ထွက်လာခဲ့ရပါရောလား။

"ဟာ ... လွှတ်လို့ ပြောနေတာ မရဘူးလား၊ ဟိုမှာ အမေလာနေပြီ၊ အဟင့် ... ဟင့် ..."

"ကဲဟာ ..."

"ကဲဟာ ..."

သူ့အမေရှေ့မှာ ချာတိတ်မလေးကို အတင်းဖက်ထားဖို့ ဆိုတာ မသင့်လျော်တာမို့ မင်းရင်ခွင် လွှတ်ပေးလိုက်ရ၏။ သူမလေးကလည်း အောက်ထပ်ကို မဆင်းဘဲ ရေချိုးခန်းထဲ ပြေးဝင်ကာ တံခါးချက်ကို ဒေါက်ခနဲ ချသည် ။

"တန်ခူးညံ့ ... ညည်း အခု ဆင်းခဲ့စမ်း ..."

ဒေါ်ခိုင်မြင့်မေကလည်း ထားဝယ်ကြိမ်ကိုင်ကာ အပေါ်ထပ်ကို ပြေးတက်သည် ။ ပြီးတော့ ရေချိုးခန်းတံခါးကို ဒေါနဲ့ မောနဲ့ တဝုန်းဝုန်း ပြေးထု၏။

"ဒုန်း"

"ဒုန်း"

"ညည်း ... အထဲကနေ အခုထွက်မလား ... မထွက်ဘူးလား"

"မထွက်ဘူး ... မထွက်ဘူး၊ အဟင့် ... အမေ့လက်ထဲမှာ ကြိမ်လုံးကြီးနဲ့ ဟာကို၊ ညံ့ အခုထွက်လာရင် အရိုက်ခံရတော့မှာ ပေါ့ အမေရဲ့ "

"အဟင့် ... ဟင့် ... ဟင့်"

"အဟင့် ... ဟင့် ... ဟင့်"

ဒီလို ပတ်ချွဲနပ်ချွဲ ငိုသံကြားလေ အကျီလက်မောင်းကို ပင့်တင်ကာ ဒေါ်ခိုင်မြင့်မေ ဒေါပွရလေ အိမ်ရှင်ကောင်လေးကိုလည်း ဒေါ်ခိုင်မြင့်မေ အားနာသည် ။ ကောင်လေးက ဖြူဖြူမြင့်မြင့်ကလေးနဲ့ ခပ်ချောချော လေးရယ်။

"ဒီလိုလုပ်ပါ အန်တီ ... ကျွန်တော်က မင်းရင်ခွင်ပါ၊ ဒီတိုက်ကလေးရဲ့ ပိုင်ရှင်ပါ။ အန်တီ့သမီး အငယ်ဆုံးမလေး တန်ခူးညံ့ ၊ ဒီရေချိုးခန်းထဲမှာ ကြာကြာ မနေနိုင်ပါဘူး၊ သူထွက်လာတော့မှ ဟိုဘက်ခြံကို ကျွန်တော် ပြန်လွှတ်လိုက်ပါ့မယ်"

"ဆိုးတယ် ... ဆိုးတယ်၊ ဒင်းကလေးက တအားဆိုးတယ် မောင်မင်း

ရင်ခွင်"

"ဟွန်း ... ပုံစံကလေးကိုကြည့်တာနဲ့ ကျွန်တော်သိပါတယ် အန်တီ ..."

"အခု ... အ.ထ.က ကျောင်းဆရာမကြီး ဒေါ်ခိုင်မြင့်မေရဲ့ သမီးက ဆယ်တန်းကို ခွေးကျ ကျတယ်လေ၊ အမေလုပ်တဲ့ သူကတော့ ကျူရှင်ဆိုလည်း ကျူရှင်၊ Guide ဆိုလည်း Guide ကုန်လိုက်ရတဲ့ ပိုက်ဆံတွေက သောက်သောက်လဲ၊ အိမ်က တက္ကသိုလ်ကျောင်းသူ အစ်မနှစ်ယောက်ဆိုရင် ဒင်းစာမေးပွဲကျတာ ရှက်လို့ ခေါင်းတောင် မဖော်ရဲတော့ဘူး ..."

"အန်တို့ခံစားချက်ကို ကျွန်တော် နားလည်ပါတယ် အန်တီ၊ ခုတော့ အောက်ထပ်ကို ပြန်ဆင်းပြီး အချိုရည်လေးတစ်ခုခုတော့ သောက်ပါဦး ..."

"ဟွန်း ... ညည်း ပြန်ထွက်ခဲ့နော် တန်ခူးညံ့"

အောက်ကို ပြန်မဆင်းခင် အမေ့အသံကြီးက မိုးခြိမ်းသံလို ခြိမ်းသွားခဲ့သေး၏။ အလကားလူကြီး၊ သူများကို အတင်းဖက်ထားချင်လို့ အမေ့ကို ချွန်တွန်းလုပ်လိုက်တာ၊ ညံ့ မသိဘူးများ အောက်မေ့နေလို့ လား ... ..."

"အဟင့် ... ဟင့် ... ဟင့်"

"အဟင့် ... ဟင့် ... ဟင့်"

*****